# [ ၁၂ ]

နောက်တစ်နေ့နံနက်တွင် မေရီသည် သမ္မတ ပေးခဲ့သည့် တယ်လီဖုန်းနံပါတ်ကို နှိပ်သည်။

"အခုစကားပြောနေတာ မစ္စက်အက်ဒ်ဝဲဒ်အက်ရှ်လေပါ။ သမ္မတရဲ့လက်ထောက် မစ္စတာ ဂရင်းနဲ့ စကားပြောချင်လို့ပါ"

"ခဏ စောင့်ပါ"

တစ်ဖက်မှ ယောကျ်ားသံတစ်သံ ထွက်ပေါ်လာသည်။

"ဟယ်လို...မစ္စက်အက်ရှ်လေလား"

"ဟုတ်ပါတယ်"ဟု မေရီက ပြောသည်။

"သမ္မတကြီးဆီကို ကျွန်မရဲ့ကိုယ်စား သတင်းလေးတစ်ခု ပို့ပေးပါ။ ကျွန်မ သူ့ကမ်းလှမ်းချက်ကို သိပ်တန်ဖိုးထားပါတယ်။ ဂုဏ်လည်း ယူပါတယ်။ ဒါပေမဲ့ ကျွန်မယောကျ်ားအလုပ်က သူ ဘယ်ကိုမှ သွားလို့ မဖြစ်နိုင်အောင် ဖြစ်နေပါတယ်။ ဒါ့ကြောင့် သူ့ကမ်းလှမ်းချက်ကို ကျွန်မ လက်ခံလို့ မဖြစ်နိုင်ပါဘူး။ သူနားလည်လိမ့်မယ်လို့ ကျွန်မ မျှော်လင့်ကြောင်းလည်း ပြောပြပေးပါ"

"ကျွန်တော် ပြောပြလိုက်ပါ့မယ်၊ ကျေးဇူးတင်ပါတယ် မစ္စက်အက်ရှ်လေ"

တစ်ဖက်မှ အသံပျောက်သွားသည်။ မေရီသည် လက်ထဲမှ တယ်လီဖုန်းခွက်ကို ပြန်ချလိုက်သည်။ ပြီးပြတ်သွားလေပြီ။ အလွန်စွဲမက်စရာ

ကောင်းသည့် အိပ်မက်တစ်ခုကို မက်လိုက်သည့်နှယ်ဖြစ်သည်။ အခုကျတော့လည်း ထိုအိပ်မက်သည် ပျောက်ပြယ်လွင့်စဉ်သွားခဲ့လေပြီ။ တကယ်တော့ အိပ်မက်တစ်ခုမျှသာ ဖြစ်ပါ၏။ သူ၏ လက်တွေ့စစ်မှန်သော ကမ္ဘာသည် ဘယ်မှာနည်း။

"ငါ ကျောင်းသွားဖို့ ပြင်တော့မှ ဖြစ်မယ်"

× × ×

## မာနာမာ...ဘာရိန်း

ထုံးဖြူသုတ်ထားသည့် တိုက်အိမ်သည် တစ်ပုံစံတည်း ဆောက်ထားသော တိုက်အိမ်များကြားတွင် တည်ရှိသည်။ ထိုအိမ်ကို ပိုင်ဆိုင်သူသည် လွတ်လပ်ရေး ချစ်မြတ်နိုးသူများအား ထောက်ခံအားပေးနေသည့် ကုန်သည်ကြီးတစ်ဦး ပိုင်ဆိုင်သည်။ သဘာပတိသည် အိမ်အတွင်းရှိ ဧည့်ခန်းထဲ၌ ထိုင်နေကြသူများအား စကားပြောလျက် ရှိသည်။

"ပြဿနာတစ်ခု ပေါ်လာတယ်။ ကျွန်တော်တို့ မကြာသေးခင်က ချထားခဲ့တဲ့ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်တဲ့အခါမှာ အခက်အခဲတစ်ခုနဲ့ ထိပ်တိုက် တွေ့နေရတယ်။ ကျွန်တော်တို့ ရွေးပြီး လွှတ်လိုက်တဲ့ ဟာရီလန့်ဖ်ဟာ အသတ်ခံခဲ့ရပါတယ်။ သူ့အလောင်းကို ဘူနိုအေးရီးစ် ဆိပ်ကမ်းမှာ မျောလာတာ တွေ့ခဲ့ရပါတယ်"

"ဘယ်သူ သတ်တယ်လို့ ရဲက ပြောသလဲ"ဟု ဘော်လ်ဒါက မေးသည်။

"ကျွန်တော် သိချင်တာက ဒီလူသတ်မှုကိုအကြောင်းပြုပြီး ရဲက ကျွန်တော်တို့ဘက်ကို ခြေဦးလှည့်လာနိုင်မလားဆိုတဲ့ အချက်ပါ"

"မလှည့်ပါဘူး၊ ကျွန်တော်တို့မှာ လုံခြုံမှု အပြည့်အဝ ရှိနေတယ်"

သော်က ကြားဖြတ်မေးသည်။

"ကျွန်တော်တို့အစီအစဉ်ကကော ဘယ်လိုလဲ၊ ဆက်သွားနိုင်မလား"

"လောလောဆယ်တော့ မဖြစ်သေးဘူး၊ အန်ဂျယ်နဲ့ ဆက်သွယ်မိအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်တော်တို့ မသိသေးဘူး။ ကြိုးကြပ်

ရေးမှူးကတော့ ဟာရီလန့်ဖ်ကို သူ့နာမည်သုံးစွဲခွင့် ပေးလိုက်မိတယ်လို့ ပြောတယ်။ အဲဒီတော့ အန်ဂျယ်အနေနဲ့ ကျွန်တော်တို့ရဲ့ အလုပ်အပေါ်မှာ စိတ်ဝင်စားရင် သူ့နည်းသူ့ဟန်နဲ့ ကျွန်တော်တို့ကို ဆက်သွယ်မှာပဲ။ လောလောဆယ် ကျွန်တော်တို့ လုပ်ရမှာက စောင့်နေရုံပဲ”

× × ×

မာရင်ဂရိဇာ၏ လုံခြုံရေးအတွက် တိုက်ရိုက်တာဝန်ရှိသူမှာ ပြင်သစ်ကာကွယ်ရေးဝန်ကြီး ရိုလင်ပတ်စီ ဖြစ်၏။

ထို့ကြောင့်လည်း မာရင်ဂရိဇာ၏ နေအိမ်ရှေ့တွင် နှစ်ဆယ့်လေးနာရီ ကာလပတ်လုံး ပြင်သစ်လက်နက်ကိုင်ရဲသားများ ချထားခြင်းဖြစ်သည်။

သို့သော်လည်း အိမ်အတွင်းဘက် လုံခြုံရေးတာဝန်ကို လက်ဗ်စတာနက်က ယူထားသည်ဟု သိထားရသဖြင့် ပတ်စီသည် စိတ်အေး နားအေးဖြစ်လျက်ရှိသည်။ လုံခြုံရေးဆိုင်ရာ အစီအစဉ်များကို သူကိုယ်တိုင်မြင်တွေ့ခဲ့ဖူးသော ပတ်စီသည် ဤအိမ်အတွင်းသို့ မည်သူမှ ကျူးကျော်ဝင်ရောက်ခြင်း မပြုနိုင်ဟု ယုံကြည်စိတ်ချလျက် ရှိလေသည်။

မကြာသေးခင် သီတင်းပတ်များအတွင်းက သံတမန်ရပ်ကွက်တွင်း၌ ကောလာဟလသတင်းများ ပျံ့နှံ့ခဲ့သည်။ ရိုမေးနီးယားသို့ပြန်ရန် စီစဉ်နေကြောင်း၊ လက်ရှိသမ္မတ အလက်ဇင်းဒရော့စ်အိုင်အိုနက်စကူးအား အထက်တန်း စစ်အရာရှိများက ဖြုတ်ချလိမ့်မည်ဖြစ်ကြောင်း စသည့် သတင်းများ ဖြစ်၏။

လက်ဗ်ပတ်စတာနက်သည် တံခါးကိုခေါက်လိုက်ပြီး မာရင်ဂရိဇာ ရုံးခန်းအဖြစ် အသုံးပြုနေသော စာကြည့်ခန်းထဲသို့ ဝင်လာသည်။ ဂရိဇာသည် စားပွဲနောက်၌ထိုင်ကာ အလုပ်လုပ်လျက် ရှိသည်။

“ဘယ်တော့လောက် တော်လှန်ရေးဖြစ်လာမလဲဆိုတာ လူတိုင်းက သိချင်နေကြတယ်”ဟု ပတ်စတာနက်က ပြောသည်။

“ဒီသတင်းက ကမ္ဘာကြီးရဲ့ အဆိုးဆုံး လျှို့ဝှက်ချက်တစ်ခုတော့

ဖြစ်နေပြီ”

“သည်းခံပြီး စောင့်ကြည့်ဖို့သာ ပြောပါ၊ ခင်ဗျား ကျွန်တော်နဲ့ ဘူခါရက်ကို လိုက်မလား လက်ဗ်”

လက်ဗ်ပတ်စတာနက်သည် အစ္စရေးသို့ ပြန်လိုစိတ် အလွန်ပြင်းပြနေပြီ။

“ကျွန်တော် ဒီအလုပ်ကို ယာယီလက်ခံပြီး ခင်ဗျားရဲ့ လူပ်ရှားမှုကို စတင်နိုင်မယ့် အချိန်ထိသာ ကျွန်တော် လုပ်မှာပါ”ဟု ဂရိဇာနှင့် တွေ့စက ပြောခဲ့ဖူးပြီ။ သို့သော်လည်း လက်တွေ့တွင်မူ ထိုစကားများသည် မမှန်ဘဲ ဖြစ်နေသည်။

ယာယီဟုပြောထားသောကိစ္စသည် ရက်မှသည် သီတင်းပတ်နှင့် လများအထိ ရောက်လာခဲ့ရာ အခုဆိုလျှင် နှစ်နှစ်ပင် ရှိခဲ့လေပြီ။ မည်သို့ပင်ဖြစ်စေ မာရင်ဂရိဇာသည် လက်ဗ် သိခဲ့ဖူးသမျှ ခေါင်းဆောင်များထဲတွင် အတ္တအနည်းဆုံး ခေါင်းဆောင်ဖြစ်၏။

ဂရိဇာအတွက် အလုပ်လုပ်ပေးရန် ရောက်လာစအချိန်ကဆိုလျှင် လက်ဗ်ပတ်စတာနက်သည် ဂရိဇာ၏ မိသားစုကိစ္စတွင် များစွာ စိတ်ဝင်စားခဲ့မိသည်။ သို့သော်လည်း ဂရိဇာသည် သူ့မိသားစုအကြောင်းကို စကားပင် စပ်၍မပြော၊ သူ့အား ဂရိဇာနှင့်တွေ့ရန် စီစဉ်ပေးခဲ့သော အရာရှိက ပြော၍သာ အဖြစ်မှန်ကို သိခဲ့ရခြင်းဖြစ်၏။

“ဂရိဇာဟာ သစ္စာအဖောက်ခံခဲ့ရတာ။ လုံခြုံရေးဌာနက သူ့ကို ဖမ်းသွားပြီး ငါးရက်တိတိ ညှဉ်းပန်းနှိပ်စက်ခဲ့တယ်။ မြေအောက်လျှို့ဝှက်အဖွဲ့မှာ သူနဲ့အတူတူ တွဲလုပ်နေတဲ့ အပေါင်းအသင်းတွေရဲ့ နာမည်တွေကို ဖော်ပြရင် လွှတ်ပေးမယ်လို့ သူတို့က ကတိပေးတယ်။ ဂရိဇာက လုံးဝမပြောဘူး၊ အဲဒီတော့ သူတို့က ဂရိဇာရဲ့မိန်းမနဲ့ ဆယ့်လေးနှစ်အရွယ် သမီးလေးကိုဖမ်းပြီး စစ်ဆေးရေးအခန်းကို ခေါ်သွားကြတယ်။ ပြီးတော့ ဖော်ပြောမလား၊ ဒါမှမဟုတ် သူ့ဇနီးနဲ့ သမီးလေး သေတာကို ကြည့်မလား။ ကြိုက်ရာလမ်း ရွေးခိုင်းတယ်။

“ခင်ဗျား စဉ်းစားကြည့်ပေါ့၊ လောကမှာ အဆုံးဖြတ်ရ အခက်ဆုံး

ကိစ္စပဲ။ သူ့အချစ်ဆုံးမိန်းမနဲ့ သမီးလေးကတစ်ဖက်၊ သူ့အပေါ် ယုံကြည်ကိုးစားနေကြရှာတဲ့ သူ့နောက်လိုက် လုပ်ဖော်ကိုင်ဖက်တွေက တစ်ဖက်၊ သူ ဘယ်ဘက်ကို ရွေးမလဲ”

အရာရှိသည် စကားကို မဆက်သေးဘဲ တစ်ခဏမျှ ရပ်နေသည်။ ပြီးမှ ဖြည်းဖြည်းအေးအေး ဆက်ပြောသည်။

“နောက်ဆုံးမှာတော့ ဂရိဇာဟာ ဘယ်လိုပဲဖြစ်ဖြစ် သူနဲ့ သူ့မိသားစုကတော့ အသတ်ခံရမှာပဲ။ အဲဒီတော့ မထူးတော့ဘူးလို့ ထင်ဟန်တူပါရဲ့။ လုပ်ဖော်ကိုင်ဖက်တွေရဲ့ နာမည်တွေကို မပေးနိုင်ဘူးလို့ ငြင်းလိုက်တယ်။ ဟိုကောင်တွေက သူ့ကို ကုလားထိုင်ပေါ်မှာ ကြိုးနဲ့တုပ်ထားပြီး သူ့မိန်းမနဲ့ သမီးကို သေသည်အထိ နှိပ်စက်ပြကြတယ်”

“အတော့်ကို ရက်စက်ယုတ်မာကြတာပါလား၊ ဒီကောင်တွေကို ဂရိဇာက ဘယ်လောက်များ မုန်းလိုက်မလဲ”

အရာရှိက လက်ဗ်အား ကြည့်သည်။

“ခင်ဗျား နားလည်ထားဖို့အချက်က မာရင်ဂရိဇာဟာ လက်စားချေဖို့အတွက် ရိုမေးနီးယားကို ပြန်ချင်တာမဟုတ်ဘူး။ အဖိနှိပ် အချုပ်ချယ်ခံနေရတဲ့ ပြည်သူတွေကို လွတ်မြောက်အောင် လုပ်ပေးဖို့ ပြန်ချင်နေတာ။ သူ့နိုင်ငံမှာ အဲသလိုအဖြစ်မျိုးတွေ ထပ်ဖြစ်တာကို သူ မလိုလားဘူး။ အဲဒါပဲ”ဟု ပြောသည်။

လက်ဗ်ပတ်စတာနက်သည် ထိုရက်မှစ၍ ဂရိဇာနှင့် တွဲခဲ့သည်ဖြစ်ရာ အနေကြာလာလေလေ ဂရိဇာအပေါ် ချစ်ခင်လေးစားလေ ဖြစ်ခဲ့ရ၏။ အခုဆိုလျှင် လက်ဗ်သည် အစ္စရေးကို မပြန်တော့ဘဲ ဂရိဇာနှင့် ရိုမေးနီးယားကို လိုက်သွားရလျှင် ကောင်းမလားဟု ဆုံးဖြတ်ရမည့် အခြေအနေသို့ပင် ဆိုက်ရောက်နေခဲ့လေပြီ။

× × ×

ပတ်စတာနက်သည် စင်္ကြံလမ်းအတိုင်း ဝင်လာခဲ့သည်။ မာရင်ဂရိဇာ၏ အိပ်ခန်းရှေ့မှ ဖြတ်လာခိုက်တွင် အတွင်းဘက်မှ သူကြားဖူးနေကျ

အော်သံများ ကြားနေရ၏။

ဤနေ့သည် သောကြာနေ့၊ သူ့အဖြစ်ကို မာရင်ဂရိဇာ ပြန်လည် သတိရသောနေ့ ဖြစ်သည်။ ထိုနေ့သည် သူ့အဖြစ်အတွက် မာရင်ဂရိဇာ အာပတ်ဖြေသည့်နေ့ မဟုတ်ပါလော။ သောကြာနေ့တိုင်း မာရင်ဂရိဇာ၏ အော်သံဟစ်သံများသည် အိမ်ထဲတွင် ပဲ့တင်ထပ်နေသည်။

ထိုနေ့ညရောက်လျှင် ဂရိဇာသည် သူ့အခန်းထဲတွင် တံခါးကို အလုံပိတ်ကာ ကျာပွတ်တစ်ချောင်းဖြင့် သူ့ကိုယ်သူ မညှာမတာ ရိုက်နှက် ညှဉ်းပန်းသည်။ သူ့ခန္ဓာကိုယ်မှ သွေးများ ယိုစီးကျနေသည်အထိ ရက်စက်စွာ ရိုက်ခြင်းဖြစ်၏။ သူ့ဇနီးနှင့် သမီးအပေါ် သူ ပြုခဲ့မိသည့်အပြစ်သည် ကြောက်စရာ အလွန်ကောင်းသည့် အပြစ်ကြီးတစ်ခုအဖြစ် သူမြင်ထားသည်ဖြစ်ရာ ကျာပွတ်ဒဏ်ကို ခံရသည့်အခါတိုင်း ကယ်ပါယူပါ တစာစာနှင့် သနားစဖွယ် အော်ဟစ်နေကြရှာသည့် ဇနီးနှင့်သမီးတို့ကို သူ မြင်ယောင်သည်။

ထိုအခါ...

“ငါ့ကို ခွင့်လွှတ်ကြပါ၊ ငါ တောင်းပန်ပါတယ်။ ငါ ပြောပါ့မယ်၊ အို...ဘုရားသခင်ရယ်၊ တပည့်တော်ကို ပြောနိုင်အောင် ကူညီပါဘုရား” စသည်ဖြင့် ရေရွတ်မြည်တမ်းနေတတ်၏။

■